CAPACITY BUILDING INITIATIVE

CBI Newsletter

Reaching the NGO Community Nationwide

Volume 11, Issue 2 June, 2010

Our Vision : *Competent individuals and organizations are working together and contributing enthusiastically their capacity for the development of Myanmar.*

မျှော်မှန်းချက် *စွမ်းရည်ပြည့်ဝသည့် မြန်မာနိုင်ငံသားများနှင့် အဖွဲ့အစည်းများသည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အတူတကွ ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြသည်။*

Our Mission : *CBI is a nationally recognized organization providing quality training, facilitation and consultancy services to individuals and organizations working for the development of Myanmar.*

ရည်မှန်းချက် *စီဘီအိုင်သည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် မြန်မာနိုင်ငံသားများနှင့် အဖွဲ့အစည်းများကို အရည်အသွေး ပြည့်ဝသော သင်တန်းများ၊ ကူညီပံ့ပိုးမှုများနှင့် အတိုင်ပင်ခံ ဝန်ဆောင်မှုများ ပေးနေသည့် နိုင်ငံအသိအမှတ်ပြု အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်ရန်။*

Contents

- News from CBI 2
- 1st Anniversary Donation of ARV by Rattana Metta 4
- "Let's Work together for the Future" 5
- Activities of CBI 6
- Trainings at CBI 8
- Services from CBI 10
- Update NGO Contact Information 12

မာတိကာ

- စီဘီအိုင်ရဲ့သတင်းလွှာ ၂
- ရတနာမေတ္တာအဖွဲ့ရဲ့ ARV ဆေးလျှုဒါန်းခြင်း တစ်နှစ်မြောက်အခမ်းအနား ၅
- "အနာဂတ်အတွက် လက်တွဲဆောင်ရွက်ကြပါစို့" ၅
- စီဘီအိုင်လှုပ်ရှားမှုများ ၆
- စီဘီအိုင်သင်တန်းများ ၈
- စီဘီအိုင်ဝန်ဆောင်မှုများ ၁၀
- အင်နက်ဗျိုအိုများနဲ့ ဆက်သွယ်ရန်သတင်းအချက်များ ၁၂

Contact CBI

No. 497, Room No. 201-202, Tower B, Diamond Condo, Pyay Road, Kamayut Township, Yangon, Myanmar
Phone: 501 379, 523 675, 501381 - Ext: 3201, 09 540 8067
Email: cbiiinfo@myanmar.com.mm, cbi@baganmail.net.mm, cbitraining@yangon.net.mm
Website: www.cbimyanmar.com

စီဘီအိုင်ကိုဆက်သွယ်ရန်

အမှတ် ၄၉၇၊ အခန်း ၂၀၁-၂၀၂၊ တာဝါ ဘီ၊ ဒိုင်းမွန်းကွန်ဒို၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းနံပါတ်-၅၀၁ ၃၇၉၊ ၅၂၃ ၆၇၅၊ ၅၀၁၃၈၁-လိုင်းခွဲ ၃၂၀၁၊ ၀၉ ၅၄၀ ၈၀၆၇
အီးမေးလ် - cbiinfo@myanmar.com.mm, cbi@baganmail.net.mm, cbitraining@yangon.net.mm
ဝက်ဘ်ဆိုက်-www.cbimyanmar.com

CBI's planned support to Myanmar NGOs in 2010

CBI is currently implementing a Capacity Building project for Myanmar NGOs in partnering with Church World Service (CWS). By this project staffs and members of Myanmar NGOs will receive six different types of trainings which were identified through Training Need Analysis (TNA) conducted by CBI with various Myanmar NGO staffs. Two Training of Trainer (ToT) courses will also be implemented with 10 staffs from Myanmar NGO, and 5 individual potential Myanmar young people.

Another project is Organization and Human Resource Development for Myanmar NGOs in partnering with Norwegian People Aid (NPA). By this project, another 5 different types of training, 5 Organization Capacity Assessment Workshops and 5 Strategic Planning Workshops will be implemented.

CBI will conduct another round of Training Needs Assessment with Myanmar NGOs, which did not participate in the previous assessment. For the Organization Capacity Assessment CBI will inform about the workshop and its benefits and usefulness for the development of organization to Myanmar NGOs. Interested Myanmar NGOs will contact CBI and discuss for conducting workshops.

Another type of service is Strategic Planning Workshop. By this workshop organization will have a chance to look into their planning process and how they implement and their vision and mission and strategies to achieve them. Besides they will have long term plan and strategies on a guiding document for them to work on.

For the above activities of two projects for Myanmar NGO, need no cost to pay to CBI. But the cost for sending the participants to CBI is to be met by respective organizations.

မြန်မာအန်ဂျီအိုများအတွက် သတင်းကောင်းတစ်ရပ်

စီဘီအိုင်အနေနဲ့ ၂၀၁၀ ပြည့်နှစ်အတွင်း မြန်မာအင်္ဂျီအိုတွေကို ကူညီထောက်ပံ့ပေးသွားဖို့ စီစဉ်ထားပါတယ်။ လက်ရှိအချိန်မှာ စီဘီအိုင်ဟာ Church World Service (CWS) နဲ့ ပူးပေါင်းပြီး မြန်မာအင်္ဂျီအိုတွေကို စွမ်းဆောင်ရည်မြှင့်တင်ပေးတဲ့ စီမံကိန်းကို အကောင်အထည်ဖော်လျှက် ရှိနေပါတယ်။ ဒီစီမံကိန်းအရ မြန်မာအင်္ဂျီအို ဝန်ထမ်းတွေဟာ သင်တန်းလိုအပ်မှု ဆန်းစစ်ချက် (TNA) အရ ဖော်ထုတ်ထားတဲ့ သင်တန်းခြောက်မျိုးကို တက်ရောက်သင်ကြားနိုင်ကြမှာဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာအင်္ဂျီအိုဝန်ထမ်း ၁၀ ဦး နဲ့ ပြင်ပမှ အလားအလာရှိတဲ့ မြန်မာလူငယ် ၅ ဦးတို့ ပါဝင်တဲ့ သင်တန်းဆရာဖြစ်သင်တန်း (ToT) နှစ်ခုလည်း ပါဝင်မှာဖြစ်ပါတယ်။

မြန်မာအင်္ဂျီအိုတွေရဲ့ လူစွမ်းအားအရင်းအမြစ်နှင့် အဖွဲ့အစည်း ဖွံ့ဖြိုးစေရေးအတွက် စီဘီအိုင်က နောက်ထပ်စီမံကိန်းတစ်ရပ် ဆောင်ရွက်လျှက် ရှိပါတယ်။ ဒီစီမံကိန်းမှာတော့ သင်တန်း ၅ မျိုး၊ အဖွဲ့အစည်း စွမ်းဆောင်ရည် ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ၅ ခုနှင့် မဟာဗျူဟာ အစီအစဉ် ချမှတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ၅ ခုတို့ ပါဝင်မှာဖြစ်ပါတယ်။

စီဘီအိုင်အနေနဲ့ ယခင် သင်တန်းလိုအပ်မှု ဆန်းစစ်ချက်မှာ မပါဝင်ခဲ့ရတဲ့ မြန်မာအင်္ဂျီအိုတွေနဲ့ နောက်ထပ် သင်တန်းလိုအပ်မှု ဆန်းစစ်ချက်ကို ထပ်မံပြုလုပ်သွားဦးမှာဖြစ်ပါတယ်။ အဖွဲ့အစည်း စွမ်းဆောင်ရည် ဆန်းစစ်ခြင်းအတွက်လဲ စီဘီအိုင်အနေနဲ့ မြန်မာအင်္ဂျီအိုတွေကို အလုပ်ရုံဆွေးနွေးပွဲအကြောင်းနဲ့ အကျိုးကျေးဇူးတွေ၊ အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးဝင်မှုတွေကို အသိပေးသွားမှာဖြစ်ပါတယ်။ စိတ်ပါဝင်စားတဲ့ မြန်မာအင်္ဂျီအိုတွေအနေနဲ့ စီဘီအိုင်ကို ဆက်သွယ်ပြီး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်နိုင်ဖို့ ဆွေးနွေးညှိနှိုင်းနိုင်ကြောင်း အသိပေးလိုပါတယ်။

အခြားဝန်ဆောင်မှုတစ်ခုကတော့ မဟာဗျူဟာ အစီအစဉ်ချမှတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖြစ်ပါတယ်။ အဲဒီဝန်ဆောင်မှုကြောင့် အဖွဲ့အစည်းတွေဟာ သူတို့ရဲ့ စီမံကိန်းရေးဆွဲမှု၊ အကောင်အထည်ဖော်မှုနဲ့ သူတို့ရဲ့ ရည်မှန်းချက်၊ မျှော်မှန်းချက်တွေ အဲဒါတွေကိုပေါက်မြောက်အောင်ဆောင်ရွက်နိုင်မဲ့ မဟာဗျူဟာအကြောင်းကို လေ့လာသုံးသပ်သွားနိုင်မှာ ဖြစ်ပါတယ်။ ရေရှည် စီမံကိန်းတွေ၊ မဟာဗျူဟာတွေသာမက အဲဒါတွေကိုဘယ်လို လုပ်ဆောင်သွားရမယ်ဆိုတဲ့ လမ်းညွှန်မှုတွေကိုလဲ ရရှိနိုင်ပါမယ်။

အထက်က စီမံကိန်းနှစ်ခုမှာ ပါဝင်လိုကြတဲ့ မြန်မာအင်္ဂျီအိုတွေအနေနဲ့ အခကြေးငွေပေးရန်မလိုပါဘူး။ ဒါပေမဲ့ ပါဝင်တက်ရောက်မဲ့ အဖွဲ့ဝင်တွေ၊ ဝန်ထမ်းတွေရဲ့ သင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်တဲ့အတွက် ကုန်ကျမဲ့ ခရီးသွားလာစရိတ်ကိုတော့ သက်ဆိုင်တဲ့အဖွဲ့အစည်းတွေက တာဝန်ယူကျခံရပါမယ်။

Welcome New CBI Staffs !!!

Kyie Soe Thu joined CBI Team as a Trainer/Consultant.
Moe Zaw Thura joined CBI as an OD Consultant.
Myat Thu Htike joined CBI as a Training Admin Officer.
Swe Swe Thet joined CBI as an Assistant Admin Officer.
Htike Shwe Yi Soe joined CBI as an Accountant.

စီဘီအိုင်မှာ အတူတူ လက်တွဲ လုပ်ဆောင်သွားကြမဲ့ ဝန်ထမ်းအသစ်များဖြစ်တဲ့ ဦးကြီးစိုးသူ၊ ဦးမိုးဇော်သူရ၊ ဦးမြတ်သူထိုက်၊ ဒေါ်ဆွေဆွေသက် နှင့် ဒေါ်ထိုက်ရွှေရည်စိုး တို့အား ခွန်းထွေးစွာ ကြိုဆိုပါကြောင်း .....

CBI Team went on a Retreat

CBI Team, after doing rigorous and tireless work to meet the objectives of CBI, decided to take a break for refreshing the body and mind, regenerating the energy needed for future work. The team went to Chaungtha Beach in Pathein Township for a retreat. The Theme of CBI team for the retreat was **"Plan for beyond June 2010"** which would guide the team for future programs and activities. The team stayed at Chaungtha for two days and generated their ideas with the help of nourishing sea food, fresh and clean air and the soft and gentle touches of the waves.

စီဘီအိုင် ဝန်ထမ်းများရဲ့ အပန်းဖြေခရီး

စီဘီအိုင်ဝန်ထမ်းများအနေနဲ့ စီဘီအိုင်ရဲ့ ရည်မှန်းချက်များပေါက်မြောက်ရေးအတွက် မနားမနေ ကြိုးပမ်းခဲ့ကြပြီးနောက်ကိုယ်စိတ်နှစ်ပါးအနားပေးကာ အနာဂတ် လုပ်ငန်းများအတွက် စွမ်းအင်သစ်ပြန်လည် ဖြည့်တင်းနိုင်ဖို့ ခေတ္တအနားယူကြရေး ဆုံးဖြတ်ခဲ့ကြတယ်။ ဒါကြောင့် ပုသိမ်မြို့နယ်က ချောင်းသာကမ်းခြေဆီကို ခရီးထွက်ခဲ့ကြပါတယ်။ အပန်းဖြေခရီးရဲ့ အဓိက ဦးတည်ချက်က အဖွဲ့ရဲ့ အနာဂတ် အစီအစဉ်တွေနဲ့ လုပ်ဆောင်မှုတွေကို လမ်းညွှန်ပေးမဲ့ **"၂၀၁၀ ဇွန်လ နောက်ပိုင်းအတွက် အစီအစဉ်များချမှတ်ရန်"** ဖြစ်ပါတယ်။ အဖွဲ့အနေနဲ့ ချောင်းသာမှာ နှစ်ရက်ကြာ နေထိုင်ခဲ့ကြပြီး အာဟာရပြည့်ဝတဲ့ ပင်လယ်စာ စားသောက်ကာ သန့်စင်တဲ့ ပင်လယ်လေကို ရှူရှိုက်ရင်း လှိုင်းများရဲ့ ဂီတသံတွေကိုခံစားရင်းနဲ့ စိတ်ကူးတွေ၊ အကြံဉာဏ်သစ်တွေကို ရယူနိုင်ခဲ့ပါတယ်။

2010 INGO Directory

We would like to announce that the Directory of International Non Government Organization (INGO) updated in 2010 was released. CBI distributed one copy each to NGOs and UN Agencies and libraries during the first week of June. We are grateful to all INGO, NGOs for their cooperation. We welcome feedback and comments on the Directory. Extra copies of the directory are available upon request for NGOs and development organizations.

၂၀၁၀ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများ လမ်းညွှန်

နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများ လမ်းညွှန်စာအုပ် ၂၀၁၀ ပြည့်နှစ်ထုတ် ထွက်ပြီဖြစ်ကြောင်း ဝမ်းမြောက်စွာ အသိပေးအပ်ပါတယ်။ စီဘီအိုင်အနေနဲ့ ဇွန်လ ပထမပတ်ကစတင်ပြီး အင်အက်ဂျီအိုတွေ၊ ကုလသမဂ္ဂ အေဂျင်စီတွေနဲ့ စာကြည့်တိုက် တွေကို တစ်အုပ်စီ အခမဲ့ ဖြန့်ဝေပြီး ဖြစ်ပါတယ်။ ဒီလမ်းညွှန်စာအုပ်ဖြစ်မြောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ကြတဲ့ နိုင်ငံတကာ အင်အက်ဂျီအိုတွေကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ လမ်းညွှန်စာအုပ်နဲ့ ပတ်သက်တဲ့ ဝေဖန်အကြံပြုချက်တွေကိုလည်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်။ စာအုပ် ထပ်မံအလိုရှိတဲ့ အင်အက်ဂျီအို အဖွဲ့အစည်းတွေ ဖွံ့ဖြိုးရေးအဖွဲ့အစည်းတွေအနေနဲ့ တောင်းခံနိုင်ပါတယ်။

Welcome to Our Resource Centre

We have now changed our Resource Center (RC) Policy and open to all people who are working in the development and humanitarian field in Myanmar. Members will get access to a variety of books, reports, documents, CDs and IEC materials which covers management and leadership skills, organizational development, human resource management, health, education, environment, literature and other published materials. Other useful information such as the scholarships information and NGO's job vacancy announcement are also accessible at the CBI Resource Centre.

CBI Resource Centre စီဘီအိုင် အရင်းအမြစ် စင်တာမှ ကြိုဆိုပါတယ်

စီဘီအိုင်အနေနဲ့ CBI RC စည်းကမ်းချက်တွေသတ်မှတ်ချက်တွေကို ပိုပြီးကောင်းမွန်ပြည့်စုံအောင် ပြင်ဆင်လိုက်ပြီးဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာကဏ္ဍတွေမှာ ပါဝင်ဆောင်ရွက်နေသူတွေအားလုံး CBI RC ရဲ့ အဖွဲ့ဝင်၊ အသင်းဝင်အဖြစ် လျှောက်ထားနိုင်ပါတယ်။ အသင်းဝင်အဖြစ်မှတ်ပုံတင်ထားသူတွေအနေနဲ့ စီမံခန့်ခွဲမှုနဲ့ ခေါင်းဆောင်မှုပညာဆိုင်ရာများ၊ အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ လူစွမ်းအားအရင်းအမြစ် စီမံခန့်ခွဲခြင်းဆိုင်ရာများ၊ ပညာရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာများ စတာတွေနဲ့ပတ်သက်တဲ့ စာအုပ်တွေ မှတ်တမ်းတွေနဲ့ စီဒီတွေ၊ သင်ထောက်ကူပစ္စည်းတွေနဲ့ ရသစာပေတွေ အခြားသော ထုတ်ဝေထားတဲ့စာအုပ်စာတမ်းတွေကို အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ အခြားအသုံးဝင်တဲ့ သတင်း အချက်အလက်တွေဖြစ်တဲ့ ပညာသင်ဆုနဲ့ပတ်သက်တာတွေ၊ အင်အက်ဂျီအို ရာထူးလစ်လပ်နေရာအတွက် အလုပ်ခေါ်စာတွေကိုလည်း CBI RC မှာ ထားရှိမှာဖြစ်ပါတယ်။

Participatory Monitoring and Evaluation (PM&E) Course at Bangkok

In the first week of May, with the support of Church World Service (CWS), two trainers from CBI attended Participatory Monitoring and Evaluation course in Bangkok. It was 5-day training and was held at Regional Community Forestry Training Centre (RECOFTC) in the Kasetsart University campus.

The trainer was Uthom Apatory from Nepal. There were altogether 15 participants who are from Asia and African countries. Trainers learned the facilitation skills and techniques, the concept of participatory M&E, overview of participatory tools, LFA in project management, indicators designing for PM&E, insight use of participatory tools in PM&E. The training was very appropriate and learnt very useful methods and teaching techniques for application in future CBI Training.

အတူတကွ စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်းသင်တန်း တက်ရောက်ခြင်း

မေလ ပထမပတ်အတွင်း Church World Service (CWS) ရဲ့ ထောက်ပံ့ကူညီမှုနဲ့ စီဘီအိုင် သင်တန်းဆရာနှစ်ဦးဟာ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှာ အတူတကွ စောင့်ကြည့်ကြပ်မတ်ခြင်းနဲ့ ဆန်းစစ်အကဲဖြတ်ခြင်း သင်တန်းကို တက်ရောက်ခဲ့ကြပါတယ်။ ၅ ရက်သင်တန်းဖြစ်ပြီး Kasetsart တက္ကသိုလ်ဝင်းအတွင်းမှာရှိတဲ့ ဒေသတွင်း လူထုသစ်တောသင်တန်းစင်တာ (RECOFTC) မှာ ပြုလုပ်တာဖြစ်ပါတယ်။

သင်တန်းကို နီပေါနိုင်ငံမှ Mr. Uthom Apatory က သင်ကြားပေးတာဖြစ်ပြီး အာရှနဲ့ အာဖရိကနိုင်ငံတွေက သင်တန်းသား ၁၅ ဦးတက်ရောက်ခဲ့ကြပါတယ်။ စီဘီအိုင်သင်တန်းဆရာတွေအနေနဲ့ ပံ့ပိုးကူညီ ဆောင်ရွက်ခြင်း စွမ်းရည်နဲ့နည်းစနစ်တွေ၊ အတူတကွ စောင့်ကြည့် ကြပ်မတ်ခြင်းနဲ့ ဆန်းစစ်အကဲဖြတ်ခြင်း သဘောတရားတွေ၊ ပူးပေါင်းပါဝင်မှုဆိုင်ရာကိရိယာတွေ၊ စီမံကိန်းစီမံခန့်ခွဲမှုအတွက် ကျိုးကြောင်းစီစဉ်မှုဘောင် (LFA)၊ PM&E အတွက်ညွှန်ကိန်းတွေကိုပုံစံချခြင်း၊ PM&E မှာ ပူးပေါင်းပါဝင်မှုဆိုင်ရာကိရိယာတွေကို ထဲထဲဝင်ဝင် အသုံးပြုခြင်းတို့ကိုလေ့လာသင်ယူခွင့်ရခဲ့ကြပါတယ်။ သင်တန်းကနေ စီဘီအိုင်ရဲ့ နောင်ပို့ချမဲ့ သင်တန်းတွေမှာ အသုံးချဖို့ အလွန်အသုံးဝင်တဲ့ နည်းစနစ်ပညာတွေကို ရရှိခဲ့ပါတယ်။

Capacity Building Workshop for CBI Staffs

As a part of CBI professional development plan, the capacity building workshop for CBI staffs was conducted in CBI from 23 to 25 June, 2010. The workshop was supported by CWS Asia-Pacific and 6 Core Trainers of CBI plus the Information Officer attended. It was facilitated by Uma , an international consultant with a strong background in training, facilitation and humanitarian work.

The objectives of the workshop are

- To identify strengths of CBI training programme
- To identify areas of improvement of CBI training programme
- To agree upon areas of change
- To be able to use new techniques or methods
- To be able to plan for large meetings
- To be able to handle group processes and dynamics

Throughout the workshop, CBI training team reviewed the systems, policies and procedures of CBI training programme in terms of pre-training, during-training and post-training activities. At the end of the workshop, CBI training team developed an action plan for six months in order to initiate the change.

စီဘီအိုင်ဝန်ထမ်းများရဲ့ စွမ်းဆောင်ရည်မြှင့်တင်မှု အလုပ်ရုံဆွေးနွေးပွဲ

စီဘီအိုင်ရဲ့ အတတ်ပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ စီဘီအိုင်ဝန်ထမ်းတွေအတွက် စွမ်းဆောင်ရည်မြှင့်တင်မှု အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၀ခုနှစ် ဇွန်လ ၂၃ မှ ၂၅ ရက်နေ့အထိ စီဘီအိုင်မှာ ပြုလုပ်ခဲ့ပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲကို CWS Asia-Pacific ကထောက်ပံ့ကူညီတာဖြစ်ပြီး စီဘီအိုင် သင်တန်းဆရာ ၆ ဦးနဲ့ ပြန်ကြားရေးအရာရှိတို့ တက်ရောက်ခဲ့ကြပါတယ်။ ဆွေးနွေးပွဲကိုသင်တန်း၊ ပံ့ပိုးကူညီဆောင်ရွက်ခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းတွေမှာ အတွေ့ အကြုံရင့်ကျက်တဲ့ နိုင်ငံတကာအတိုင်ပင်ခံပုဂ္ဂိုလ် အုမားက ပံ့ပိုးဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။

ဒီအလုပ်ရုံဆွေးနွေးပွဲရဲ့ ရည်ရွယ်ချက်ကတော့ စီဘီအိုင်သင်တန်းအစီအစဉ်တွေရဲ့ အားသာချက်တွေ ဖော်ထုတ်ဖို့၊ မွမ်းမံဖို့ လိုအပ်နေတဲ့ အပိုင်းတွေဖော်ထုတ်ကာ ပြောင်းလဲရန် သဘောတူညီမှု ရယူဖို့၊ နည်းပညာနဲ့ နည်းစနစ်သစ်တွေ အသုံးပြုနိုင်ဖို့၊ အစည်းအဝေးကြီးတွေမှာ အစီအစဉ်တွေ ရေးဆွဲဖို့နဲ့ အဖွဲ့လိုက် လုပ်ငန်းစဉ်တွေ၊ အဖွဲ့လိုက် လှုပ်ရှားမှုတွေကို ကိုင်တွယ်နိုင်ဖို့ ဖြစ်ပါတယ်။

ဆွေးနွေးပွဲတစ်လျှောက်မှာ စီဘီအိုင် သင်တန်းအဖွဲ့အနေနဲ့ စီဘီအိုင်ရဲ့ သင်တန်းမတိုင်မီ၊ သင်တန်းကာလအတွင်းနဲ့ သင်တန်းပြီးဆုံးချိန် လုပ်ဆောင်ချက်တွေအလိုက် သင်တန်းအစီအစဉ်များရဲ့စနစ်၊ မူဝါဒနဲ့ လုပ်ထုံးလုပ်နည်းတွေကို ပြန်လည်သုံးသပ်ခဲ့ကြပါတယ်။ ဆွေးနွေးပွဲအပြီးမှာလဲ စီဘီအိုင်သင်တန်းအဖွဲ့ဟာ အပြောင်းအလဲပြုလုပ်ဖို့ ၆ လတာ လုပ်ငန်းအစီအစဉ်တွေကို ချမှတ်ခဲ့ကြပါတယ်။

First Anniversary Donation of ARV by Rattana Metta

Rattana Metta commemorated the first anniversary of ARV Donation to HIV positive persons at Mingun Tipitaka Hall on 28 July 2010. The ceremony was attended by the individual donors, the receivers, representative from UNAIDS, 3DF, INGOs and Myanmar NGOs. Rattana Metta could donate ARV to 26 participants with donation from local people and 215 patients with fund donated by international community. Rattana Metta aims to donate ARV to 350 patients in 2010 - 2011 project period.

Should you are thinking of saving a life of a person with HIV positive, just make a donation to Rattana Metta at No. 406, Lower Puzuntaung Road, Puzuntaung Township, Yangon. Tel: 01 730 247 94, Email: ratanametta2004@gmail.com

ရတနာ့မေတ္တာအဖွဲ့ရဲ့ ARV ဆေးလျှော့ခါန်းခြင်း တစ်နှစ်စမြောက် အခမ်းအနား

ရတနာ့မေတ္တာအဖွဲ့ရဲ့ ARV ဆေးလျှော့ခါန်းခြင်းတစ်နှစ်မြောက် အခမ်းအနားကို ၂၀၁၀ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့မှာ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်မှာရှိတဲ့ မင်းကွန်းတိပိတိကကျောင်းတိုက်မှာ ကျင်းပခဲ့ပါတယ်။ အခမ်းအနားကို အလှူရှင်တွေ၊ ဆေးလက်ခံရရှိတဲ့သူတွေ၊ UNAIDS နဲ့ 3DF ကကိုယ်စားလှယ်တွေ၊ ပြည်တွင်း၊ ပြည်ပအင်နှ်ဂျီအို ကိုယ်စားလှယ်တွေ၊ စာနယ်ဇင်းသမားတွေ တက်ရောက်ခဲ့ကြပါတယ်။

ရတနာ့မေတ္တာဟာ တစ်နှစ်အတွင်းမှာ ပြည်တွင်းအလှူရှင်တွေက လှူခါန်းတဲ့ငွေနဲ့ လူနာ ၂၆ဦး၊ ပြည်ပအလှူရှင်တွေရဲ့ အကူအညီနဲ့ လူနာ ၂၁၅ဦး၊ စုစုပေါင်း ၂၄၁ဦးကို ARV ဆေးပေးနိုင်ခဲ့ပါတယ်။ လာမဲ့ ၂၀၁၀/၂၀၁၁ မှာ ၃၅၀ဦးထိ ဆေးပေးနိုင်ဖို့ရည်ရွယ်ထားတာကြောင့်၊ HIV ရောဂါပိုးဝင်ရောက်ခံရသူလူနာတစ်ဦးရဲ့ အသက်ကို ကယ်တင်ဖို့တွေးမိတယ်ဆိုရင် ရတနာ့မေတ္တာကို ဆက်သွယ်စေလိုပါတယ်။

ရတနာ့မေတ္တာရဲ့လိပ်စာကတော့ ----

အမှတ် ၄၀၆၊ အောက်ပုစွန်တောင်လမ်းမကြီး၊ ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁ ၇၃၀ ၂၄၇ ၉၄၊

အီးမေးလ်- ratanametta2004@gmail.com

Development Trainer Forum *"Let's Work together for the future"*

Capacity Building Initiative (CBI) and Local Resource Center (LRC) jointly organized the Development Trainer/Facilitator Forum on 15th May 2010 at Central Hotel, Yangon. The objectives of the Forum were to share and learn tools, methodology, opportunities and challenges, and to form Development Trainers/Facilitator Network. Theme of the forum was "Let's Work together for the Future". Altogether 50 participants actively participated at the forum and all of them are working as trainers and facilitators in development field in Myanmar. LRC supported the funding for the forum and CBI team facilitated the forum.

At the morning session, participants enjoined the group activities as they created their own tree expressing the meaning of Cooperation, Network, Creativity, Sharing, and Development. By using World Café method, they discussed five questions: Why is facilitation important?, What are the significant achievements in facilitation and training, What are the challenges in facilitation and training? What is the current situation of facilitation services in Myanmar?, How can we more contribute to the development of Myanmar?. In the afternoon they participated at the Open Space discussion with the theme of "Building Myanmar Trainer/Facilitator Network". They openly shared, discussed and contributed their opinions and creative ideas to form the network. Later they prepared the action plan to implement during next six months to continue this activity. Finally all participants reflected and evaluated the forum and successfully closed the forum.

According to the evaluation result, forum was success as it achieved the objectives and met the participants' expectations.

"အနာဂါတ်အတွက် လက်တွဲဆောင်ရွက်ကြပါစို့" ဖွံ့ဖြိုးရေးသင်တန်းဆရာများ တွေ့ဆုံဆွေးနွေးပွဲ

စီဘီအိုင် (CBI) နဲ့ ပြည်တွင်းအရင်းအမြစ်စင်တာ (LRC) တို့ ပူးတွဲပြုလုပ်တဲ့ ဖွံ့ဖြိုးရေး သင်တန်းဆရာ/ ပံ့ပိုးဆောင်ရွက်သူများ တွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၀ မေလ ၁၅ ရက်က ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်မှာ တစ်ရက်တာပြုလုပ်ခဲ့ပါတယ်။ ရည်ရွယ်ချက်တွေကတော့ ပံ့ပိုးကူညီဆောင်ရွက်မှုဆိုင်ရာကိရိယာတွေ၊ နည်းစနစ်တွေ၊ အခွင့်အလမ်းတွေနဲ့ စိန်ခေါ်မှုတွေကို မျှဝေလေ့လာကြဖို့နဲ့ ဖွံ့ဖြိုးရေး သင်တန်းဆရာ/ပံ့ပိုးဆောင်ရွက်သူများ ကွန်ရက်တည်ထောင်ဖို့ဖြစ်ပါတယ်။ အဓိကဆောင်ပုဒ်က "အနာဂါတ်အတွက် လက်တွဲဆောင်ရွက်ကြပါစို့" ဖြစ်ပါတယ်။ တွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်သူ ၅၀ဦး ရှိပြီး အားလုံးဟာ ပြည်တွင်း ဖွံ့ဖြိုးရေးနယ်ပယ်တွေမှာ သင်တန်းဆရာတွေ ပံ့ပိုးဆောင်ရွက်သူတွေ ဖြစ်ကြပါတယ်။ ဒီတွေ့ဆုံဆွေးနွေးပွဲကို LRC က ငွေကြေးထောက်ပံ့ပြီး စီဘီအိုင်က ပံ့ပိုးဆောင်ရွက်ပေးတာဖြစ်ပါတယ်။

မနက်ခင်းပိုင်းမှာ တက်ရောက်လာသူတွေက အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်မှုနဲ့ ကွန်ရက်၊ ဆန်းသစ်တီထွင်မှု၊ မျှဝေခြင်းနဲ့ ဖွံ့ဖြိုးရေးဆိုတာတွေကို ပုံဖော်ပြတဲ့ မျှော်လင့်ခြင်းသစ်ပင်တွေကို ဖန်တီးခဲ့ကြပါတယ်။ World Café စနစ်ကို အသုံးပြုကာ ပံ့ပိုးဆောင်ရွက်မှုရဲ့ အရေးပါပုံ၊ ပံ့ပိုးဆောင်ရွက်မှုနဲ့ သင်တန်းတွေရဲ့ အရေးပါတဲ့ရလဒ်အကြောင်း၊ တွေ့ကြုံရတတ်တဲ့စိန်ခေါ်မှုတွေ၊ မြန်မာနိုင်ငံအတွင်းရှိ ပံ့ပိုးဆောင်ရွက်ခြင်းဝန်ဆောင်မှုတွေရဲ့ အခြေအနေတွေနဲ့ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လိုပါဝင်ဆောင်ရွက်ကြမလဲ ဆိုတဲ့ မေးခွန်းငါးမျိုးကို ဆွေးနွေးခဲ့ကြပါတယ်။

ညနေပိုင်းမှာတော့ မြန်မာ သင်တန်းဆရာ/ပံ့ပိုးဆောင်ရွက်သူများ ကွန်ရက် ဖွဲ့စည်းခြင်းဆိုတဲ့ ခေါင်းစဉ်နဲ့ Open Space စနစ်ဖြင့် ဆွေးနွေးခဲ့ကြပါတယ်။ တက်ရောက်လာသူတွေဟာ ကွန်ရက်ဖွဲ့စည်းဖို့ သူတို့ရဲ့ အမြင်တွေ ဆန်းသစ်တဲ့စိတ်ကူးတွေကို ပွင့်လင်းလွတ်လပ်စွာ မျှဝေဆွေးနွေးခဲ့ကြပါတယ်။ အဲဒီနောက်မှာတော့ ဒီလုပ်ဆောင်ချက်တွေကို ဆက်လက်ဆောင်ရွက်သွားနိုင်ဖို့ နောက်ခြောက်လတာအတွက် လုပ်ငန်းအစီအစဉ်တွေကိုလဲ ပြင်ဆင်ခဲ့ကြပါတယ်။ နောက်ဆုံးမှာ တက်ရောက်လာသူအားလုံးကနေ ဒီဆွေးနွေးပွဲကို ပြန်လည်သုံးသပ်ရင်း အောင်မြင်စွာ အဆုံးသတ်ခဲ့ကြပါတယ်။

သုံးသပ်အကဲဖြတ်မှုရလာဒ်တွေအရ ဒီဆွေးနွေးပွဲဟာ ရည်ရွယ်ချက်အတိုင်း လုပ်ဆောင်နိုင်ခဲ့ပြီး တက်ရောက်လာသူတွေရဲ့ မျှော်မှန်းချက်နဲ့လဲ ကိုက်ညီတဲ့အတွက် အောင်မြင်ခဲ့ပါတယ်။

Report Writing Training

Report Writing Training, the first training for Capacity Building Initiative (CBI) and Church World Services (CWS) Asia Pacific, was conducted by CBI Training Team from 28 to 30 April 2010. Unique feature of that training was that all the participants were from the local organizations. All together 19 participants, 10 female and 9 male, attended the training. Most of the participants have to write the reports for their work but they did not get a chance for proper training so that they all were eager to learn and apply. They practiced writing of draft reports such as training evaluation report, activities report, survey report and project report. A good relationship was established between the facilitators and participants. Action plans were drawn by themselves and they all are willing to do the follow up activities after the training.

Voice of participants

- We wrote reports as a duty and felt that reports are burden and boring, now we see reports are valuable and useful for ourselves and organizations.
- We feel comfortable in writing reports.
- Now, we know that writing reports with a team is better and more effective for all team members.

အစီရင်ခံစာ ရေးသားခြင်းသင်တန်း

စီဘီအိုင်အနေနဲ့ CWS နဲ့ ပူးပေါင်းပြုလုပ်တဲ့ ပထမဆုံးသင်တန်းအဖြစ် အစီရင်ခံစာ ရေးသားခြင်းသင်တန်းကို ၂၀၁၀ခုနှစ် ဧပြီလ ၂၈ မှ ၃၀ ရက်နေ့အထိ ပြုလုပ်ပေးခဲ့ပါတယ်။ ဒီသင်တန်းရဲ့ ထူးခြားချက်ကတော့ သင်တန်းသားအားလုံးဟာ ပြည်တွင်းအဖွဲ့အစည်းများမှသာ ဖြစ်ပါတယ်။ အမျိုးသမီး ၁၀ ဦးနှင့် အမျိုးသား ၉ ဦး၊ စုစုပေါင်းသင်တန်းသား ၁၉ဦး ပါဝင်တက်ရောက်ခဲ့ပါတယ်။ သင်တန်းသားအများစုဟာ သက်ဆိုင်ရာအဖွဲ့အစည်းတွေမှာ အစီရင်ခံစာရေးသားနေရသူတွေ ဖြစ်ကြပေမဲ့ သင့်လျော်တဲ့သင်တန်း တက်ရောက်ဖို့ အခွင့်မကြုံသူများ ဖြစ်နေတဲ့ အတွက် သူတို့တွေဟာ သင်ယူပြီး လက်တွေ့အသုံးချချင်နေကြပါတယ်။ သင်တန်း သားတွေဟာ သင်တန်းအကဲဖြတ်မှု အစီရင်ခံစာ၊ လုပ်ငန်းလုပ်ဆောင်ချက် အစီရင်ခံစာ၊ လေ့လာဆန်းစစ်မှု အစီရင်ခံစာနဲ့ စီမံကိန်း အစီရင်ခံစာ စတဲ့ အစီရင်ခံစာမူကြမ်းတွေကို ရေးသားလေ့ကျင့်ခဲ့ကြပါတယ်။ ပံ့ပိုးကူညီပေးသူတွေနဲ့ သင်တန်းသားတွေအကြားမှာလဲ ကောင်းမွန်တဲ့ဆက်ဆံရေးရရှိခဲ့ပါတယ်။ သင်တန်းသားများကိုယ်တိုင် သူတို့အတွက် လုပ်ငန်းအစီအစဉ်တွေ ရေးဆွဲခဲ့ကြပြီး ဒီသင်တန်းအပြီးမှာအဲဒီအစီအစဉ်အတိုင်း လုပ်ဆောင်ကြဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

သင်တန်းသားတို့ရဲ့ ရင်ဖွင့်သံများ

"အစီရင်ခံစာတွေကို တာဝန်တစ်ရပ်အနေနဲ့ ရေးခဲ့လို့ ငြီးငွေ့ဖွယ် ဝန်ထုပ်ဝန်ပိုးတစ်ခုလို မြင်ခဲ့ပေမဲ့ အခုတော့ အစီရင်ခံစာတွေဟာ ကိုယ်တိုင်နဲ့ ကိုယ့်ရဲ့အဖွဲ့အစည်းအတွက် အသုံးဝင်တန်ဖိုးရှိတဲ့အရာတွေလို့ မြင်တတ်လာပါပြီ"

"အစီရင်ခံစာရေးရတာ သက်တောင့်သက်သာရှိတယ်လို့ ခံစားလာရတယ်"

"အဖွဲ့လိုက် အစီရင်ခံစာရေးတာ ပိုအဆင်ပြေပြီး အဖွဲ့ဝင်တိုင်းအတွက်လည်း ပိုမိုအကျိုးရှိတာကို သိသွားပါပြီ"

Project Cycle Management (PCM) Training

CBI conducted the Project Cycle Management (PCM) Training for Local Organizations on 26 to 28 May 2010 at CBI Training Center. It was a second training organized by CBI-CWS project. All together 21 participants from 19 Local NGOs participated in the training. Training was mainly focused on what development is, Community Development Process, Level of Community Participation, Project Cycle Management and Activities, Introduction to Assessment Tools, Project Identification, Project Design, Logical Framework, and Project Evaluation.

After the training, participants said that

* *They clearly understood about development and community participation*
* *They understood about problem tree*
* *They liked the power point slides which explain Logical Framework Approach (LFA)*
* *They have learnt the way of approach in using assessment tools*
* *They liked group discussion because they can share the knowledge and experience*
* *They liked the way of using Parking Lot for some discussion*

As there are many international and local NGOs which are implementing different kinds of projects in Myanmar, NGOs staffs needed to have the knowledge of development process of PCM and LFA approach.

စီမံချက် စီမံခန့်ခွဲမှုစက်ဝန်း သင်တန်း

စီဘီအိုင်အနေနဲ့ စီမံချက်စီမံခန့်ခွဲမှုစက်ဝန်း သင်တန်းကို ၂၀၁၀ မေလ ၂၆ မှ ၂၈ ရက်နေ့အထိ စီဘီအိုင် သင်တန်းခန်းမမှာ ပြုလုပ်ခဲ့ပါတယ်။ ဒီသင်တန်းက စီဘီအိုင်နှင့် CWS တို့ ပူးပေါင်းပြုလုပ်တဲ့ ဒုတိယမြောက် သင်တန်းဖြစ်ပါတယ်။ ပြည်တွင်းအင်နာကျီအို ၁၉ဖွဲ့က သင်တန်းသား ၂၁ ဦး တက်ရောက်ခဲ့ကြပါတယ်။ သင်တန်းမှာ ဖွံ့ဖြိုးရေးအကြောင်း၊ လူထု ဖွံ့ဖြိုးရေး အစီအစဉ်၊ လူထုပူးပေါင်းပါဝင်မှုအဆင့်၊ စီမံချက် စီမံခန့်ခွဲမှုစက်ဝန်းနဲ့ လုပ်ဆောင်မှုတွေ၊ ဆန်းစစ် လေ့လာမှု ကိရိယာများ မိတ်ဆက်၊ စီမံချက် သတ်မှတ်ဖော်ထုတ်ခြင်း၊ စီမံချက်ဒီဇိုင်း၊ ကျိုးကြောင်းစီစဉ်မှု မူဘောင်နဲ့ စီမံချက် အကဲဖြတ်သုံးသပ်ခြင်းတို့ကို အဓိကထားခဲ့ပါတယ်။

သင်တန်းအပြီး သင်တန်းသားတွေရဲ့ စကားသံတွေကတော့ -

"ဖွံ့ဖြိုးရေးနဲ့ လူထုပူးပေါင်းပါဝင်မှုအကြောင်းကို အခုမှရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်သွားတယ်"

"Problem Tree အကြောင်း နားလည်သွားတယ်"

"LFA အကြောင်း ရှင်းပြတဲ့ PowerPoint Slide တွေကို သဘောကျတယ်"

"ဆန်းစစ်လေ့လာမှုကိရိယာတွေ အသုံးပြုပြီး ချဉ်းကပ်ပုံနည်းလမ်းတွေကို လေ့လာခဲ့ရတယ်"

"ဗဟုသုတနဲ့ အတွေ့အကြုံတွေကို မျှဝေခွင့်ရတဲ့ အုပ်စုလိုက် ဆွေးနွေးခြင်းကို သဘောကျတယ်"

"တချို့ဆွေးနွေးမှုတွေမှာ သုံးခဲ့တဲ့ Parking Lot နည်းစနစ်ကို သဘောကျတယ်"

ပြည်တွင်းနှင့် နိုင်ငံတကာ အင်နာကျီအိုများဟာ မြန်မာနိုင်ငံအနှံ့ စီမံကိန်းတွေကို အကောင်အထည်ဖော်နေကြတဲ့အတွက် အင်နာကျီအိုဝန်ထမ်းများ အနေနဲ့ PCM နှင့် LFA နည်းလမ်းတွေ အကြောင်းကို သိရှိသဘောပေါက်ထားဖို့ အလွန်အရေးကြီးပါတယ်။

Facilitation ToT Training (1st Batch 1st Module)

Capacity Building Initiative (CBI) and Church World Service Asia Pacific (CWS) jointly organized a Facilitation ToT Training. First batch, first module was conducted on 17 to 20 May 2010 at CBI. All together 15 people attended this four day workshop. 10 people are staffs from local organizations and the rest are Myanmar young people who are not working in any organization. CBI team made intensive interview and tests to select these enthusiastic people among the many applicants who applied this training.

First module was mainly focused on the concept of facilitation and facilitation skills for a facilitator. During this training, participants discussed and practiced on Facilitation and Facilitator, Competencies of a Facilitator, Experiential Learning Cycle (ELC), Adult Learning, Questioning, Listening and Summarizing Skill, Feedback Giving and Receiving Skill, Observation Skill. All the participants practiced their knowledge to transform into skill and got many learning points by a great discussion with each other during this four day training. They drew up the action plans and they all were eager to apply their knowledge of facilitation in their work areas.

The remaining second and third module will be conducted in June and July of 2010.

ပံ့ပိုးဆောင်ရွက်ပေးခြင်းဆိုင်ရာ ဆရာဖြစ်သင်တန်း (ပထမအကြိမ် အပိုင်း ၁)

ပံ့ပိုးဆောင်ရွက်ပေးခြင်းဆိုင်ရာ ဆရာဖြစ်သင်တန်းကို စီဘီအိုင်နှင့် CWS တို့ ပူးပေါင်း ဖွင့်လှစ်ခဲ့ပါတယ်။ ပထမအကြိမ်၊ အပိုင်း ၁ သင်တန်းကို ၂၀၁၀ခုနှစ် မေလ ၁၇ မှ ၂၀ ရက်နေ့အထိ စီဘီအိုင်မှာ ပြုလုပ်ခဲ့ပါတယ်။ ပြည်တွင်းအဖွဲ့အစည်းတွေက ဝန်ထမ်း ၁၀ ဦးနဲ့ ဘယ်အဖွဲ့အစည်းမှာမှ အလုပ်လုပ်ကိုင်ခြင်းမရှိတဲ့ မြန်မာလူငယ် ၅ဦး၊ စုစုပေါင်း သင်တန်းသား ၁၅ ဦး တက်ရောက်ခဲ့ကြပါတယ်။ စီဘီအိုင်အနေနဲ့ သင်တန်းတက်ရောက်ဖို့ လာရောက်လျှောက်ထားသူတွေကို အရည်အသွေးစစ်ဆေးမှုတွေ၊ လူတွေ့စစ်ဆေးခြင်းတွေ ပြုလုပ်ပြီး သင့်တော်ဆီလျော်တဲ့ သင်တန်းသား ၁၅ ဦးကို စိစစ်ရွေးချယ်ခဲ့ပါတယ်။

အပိုင်း ၁ သင်တန်းမှာ ပံ့ပိုးကူညီဆောင်ရွက်သူများအတွက် ပံ့ပိုးဆောင်ရွက်ခြင်း အယူအဆတွေနဲ့ ပံ့ပိုးဆောင်ရွက်သူတို့ရဲ့ စွမ်းရည်ကို အဓိကထား သင်ပြခဲ့ပါတယ်။ ဒါ့အပြင် ပံ့ပိုးဆောင်ရွက်မှုနဲ့ ပံ့ပိုးဆောင်ရွက်သူ၊ ပံ့ပိုးဆောင်ရွက်သူတစ်ဦးရဲ့ အရည်အချင်း၊ အတွေ့အကြုံကိုအခြေခံတဲ့ သင်ယူမှုစက်ဝန်း (ELC)၊ သက်ကြီးသင်ယူလေ့လာမှု၊ မေးခွန်းမေးပုံ၊ နားထောင်ပုံနဲ့ အကျဉ်းချုပ်ခြင်းစွမ်းရည်၊ တုံ့ပြန်မှုပေးခြင်းနဲ့ တုံ့ပြန်မှုကိုလက်ခံခြင်းစွမ်းရည်၊ လေ့လာအကဲခတ်တတ်မှုစွမ်းရည် တို့အကြောင်းကိုဆွေးနွေး လေ့ကျင့်ခဲ့ကြပါတယ်။

ဒီလေးရက်တာသင်တန်းကာလမှာ သင်တန်းသားအားလုံးဟာ သူတို့ရဲ့ လေ့လာသိရှိမှုတွေကိုစွမ်းရည်အဖြစ် ပြောင်းလဲကာ လက်တွေ့လေ့ကျင့်ခဲ့ကြသလိုအချင်းချင်းဆွေးနွေးမှုတွေကြောင့်လဲများစွာ သင်ယူနိုင်ခဲ့ကြပါတယ်။ သင်တန်းသားတွေဟာ လုပ်ဆောင်ချက်အစီရင်ခံစာကို ရေးသားခဲ့ကြပြီး ဒီသင်တန်းမှာ လေ့လာသိရှိခဲ့ရတဲ့ ပံ့ပိုးကူညီဆောင်ရွက်မှုဆိုင်ရာအသိပညာတွေကို သူတို့ရဲ့လုပ်ငန်းတွေမှာ လက်တွေ့အသုံးချလိုစိတ်တွေ တိုးပွားသွားကြပါတယ်။

ကျန်ရှိနေတဲ့ အပိုင်း ၂ နှင့် ၃ သင်တန်းတွေကိုလဲ ၂၀၁၀ခုနှစ် ဇွန်လနှင့် ဇူလိုင်လတွေမှာ ဆက်လက် ပြုလုပ်သွားမှာဖြစ်ပါတယ်။

New Training on Essential Skills for Manager

A new course, Essential Skills for Manager Training was conducted by CBI from 16 to 18 June, 2010. The main purpose was to improve management skills by practicing and applying new and essential skills and experiences in self management, team management and organizational management to become effective mangers. Total 21 participants from NGO community attended the training.

First day was focused on self management including communicating clearly, Managing time, presenting successfully and motivating people. On second day participants discussed and practiced about team management on making decision, delegating successfully, and managing meeting. Last day was highlighted on organization management such as negotiating successfully, managing change, coaching for change and minimizing stress.

Each participant had to access their skill at the beginning of each session. Participants evaluated that the training was very useful to them and they suggested to provide specific training for each topic and also to provide modular courses.

Some voices are as follow.

*** It is good in using different tools and methods such as role play, demonstration, presentation, cases and visual aids. This training is useful and suitable for the managers who are working in management field. I like the display of references .This kind of training should provide often. It is better to provide Handouts in Myanmar language. If possible, CBI should conduct this kind of training again only for senior staffs.**

မန်နေဂျာတို့အတွက် အခြေခံစွမ်းရည်များ သင်တန်း

စီဘီအိုင်ရဲ့ သင်တန်းအသစ်ဖြစ်တဲ့ မန်နေဂျာတို့အတွက် အခြေခံစွမ်းရည်များ သင်တန်းကို ၂၀၁၀ ဇွန်လ ၁၆ ရက်မှ ၁၈ ရက်နေ့အထိ ပြုလုပ်ခဲ့ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ မိမိကိုယ်ကို စီမံခန့်ခွဲခြင်း၊ အသင်းအဖွဲ့ကို စီမံခန့်ခွဲခြင်းနဲ့ အဖွဲ့အစည်းကို စီမံခန့်ခွဲခြင်းစတဲ့ စီမံခန့်ခွဲမှုစွမ်းရည် အခြေခံတွေနဲ့ အသစ်သစ်သော စွမ်းရည်တွေ အတွေ့အကြုံတွေကို လက်တွေ့အသုံးချကာ စီမံခန့်ခွဲမှုစွမ်းရည်မြင့်မားလာပြီး စွမ်းရည်ပြည့်မန်နေဂျာတွေ ဖြစ်လာကြစေဖို့ ဖြစ်ပါတယ်။ သင်တန်းမှာ အင်နာ်ဂျီအိုနယ်ပယ်က သင်တန်းသား ၂၁ ဦး တက်ရောက်ခဲ့ကြပါတယ်။

သင်တန်း ပထမနေ့မှာ ရှင်းလင်းစွာဆက်သွယ်ပြောကြားခြင်း၊ အချိန်စီမံခန့်ခွဲခြင်း၊ အောင်မြင်စွာတင်ပြဆွေးနွေးခြင်းနဲ့ လူအများကို စိတ်ဓါတ်မြှင့်တင်ပေးခြင်းစတဲ့ မိမိကိုယ်ကို စီမံခန့်ခွဲခြင်းကို အဓိကထား သင်ပြခဲ့ပါတယ်။ ဒုတိယနေ့မှာတော့ သင်တန်းသားတွေအနေနဲ့ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ အောင်မြင်စွာ အလုပ်တာဝန်ခွဲဝေပေးခြင်းနဲ့ အစည်းအဝေးစီမံခန့်ခွဲခြင်းစတဲ့ အသင်းအဖွဲ့ကို စီမံခန့်ခွဲမှုအကြောင်းကို လက်တွေ့ပြုလုပ်ဆွေးနွေးခဲ့ကြပါတယ်။ သင်တန်း နောက်ဆုံးနေ့မှာ အောင်မြင်စွာစေ့စပ်ညှိနှိုင်းခြင်း၊ အပြောင်းအလဲကို စီမံခန့်ခွဲခြင်း၊ အပြောင်းအလဲအတွက် လေ့ကျင့်သင်ကြားခြင်းနဲ့ စိတ်ဖိစီးမှုလျှော့ချခြင်းဆိုတဲ့ အဖွဲ့အစည်းစီမံခန့်ခွဲမှုအပိုင်းကို သင်ပြခဲ့ပါတယ်။

သင်တန်းသား တစ်ဦးချင်းစီဟာ ကဏ္ဍတစ်ခုမတိုင်မီ သူတို့ရဲ့ ကျွမ်းကျင်မှုကို ဦးစွာ ဆန်းစစ်ခဲ့ကြရပါတယ်။

သင်တန်းသားတွေကတော့ ဒီသင်တန်းဟာ သူတို့အတွက် လွန်စွာအသုံးဝင်တယ်လို့ သုံးသပ်ခဲ့ပြီး အကြောင်းအရာ တစ်ခုချင်းစီအတွက် သီးခြားသင်တန်းတွေ ပြုလုပ်ပေးဖို့နဲ့ သင်တန်းကို အဆင့်ခွဲပြီး အခန်းဆက် သင်ကြားမှုပုံစံ ပြုလုပ်ပေးဖို့ အကြံပြုခဲ့ကြပါတယ်။

သင်တန်းသားတို့ရဲ့ ရင်တွင်းစကား

"Role play၊ သရုပ်ပြမှုတွေ၊ ၊ အသိပေးတင်ပြချက်တွေ၊ Case တွေနဲ့ visual aid တွေ အမျိုးမျိုး သုံးပြသွားတာ အရမ်းကောင်းပါတယ်။"

"ဒီသင်တန်းက စီမံခန့်ခွဲမှုနယ်ပယ်မှာ လုပ်နေကြတဲ့ မန်နေဂျာတွေအတွက် သင့်လျော်ပြီး အသုံးဝင်ပါတယ်။"

"ရည်ညွှန်းစာအုပ်တွေ ချပြထားတာကို သဘောကျပါတယ်။"

"ဒီလိုသင်တန်းမျိုး မကြာခဏ လုပ်သင့်ပါတယ်။"

"Handouts တွေကို မြန်မာလိုထုတ်ပေးရင် ကောင်းပါမယ်။ စီဘီအိုင်အနေနဲ့ ဖြစ်နိုင်ရင် ဒီလိုသင်တန်းမျိုးကို အဆင့်မြင့် ဝန်ထမ်းတွေအတွက်ချည်းပဲ သီးသန့် နောက်တစ်ကြိမ်လုပ်ပေးစေလိုပါတယ်။"

Project Management Training

CBI Training Team conducted the Project Management Training from 2 to 4 June 2010. 11 from local organization and 9 from international organization, all together 20 participants attended the training. This training aimed to give insight knowledge of managing a project systematically. The whole theme of the training was mainly based on result oriented project management approach.

Most of the participants had experiences on project management and they got great discussion in the training. Facilitators and participants discussed and practiced about project definition, project system, project organization, project planning, project performance, project checking, project controlling and project definition.

After the training, participants knew well the logical frame work and the ways to mange in each step of project management process.

စီမံချက် စီမံခန့်ခွဲမှုသင်တန်း

စီဘီအိုင်သင်တန်းအဖွဲ့ဟာ စီမံချက် စီမံခန့်ခွဲမှုသင်တန်းကို ၂၀၁၀ ဇွန်လ ၂ ရက်မှ ၄ ရက်နေ့အထိ ပြုလုပ်ခဲ့ပါတယ်။ ပြည်တွင်း အဖွဲ့အစည်းက ၁၁ ဦးနဲ့ နိုင်ငံတကာအဖွဲ့အစည်းက ၉ ဦး စုစုပေါင်း သင်တန်းသား ၂၀ ဦး တက်ရောက်ခဲ့ကြပါတယ်။ သင်တန်းရဲ့ ရည်ရွယ်ချက်ကတော့ စီမံချက်တစ်ခုကို စနစ်တကျ စီမံခန့်ခွဲခြင်းဆိုင်ရာ အသိပညာများ အတွင်းကျကျ သိရှိသွားစေဖို့ ဖြစ်ပါတယ်။ ဒီသင်တန်းကတော့ ရလာဒ်ဦးတည်တဲ့ စီမံချက် စီမံခန့်ခွဲမှု ဆိုင်ရာ ချဉ်းကပ်နည်းပေါ်မှာ အခြေခံပါတယ်။

သင်တန်းသားအများစုမှာ စီမံကိန်းစီမံခန့်ခွဲမှုဆိုင်ရာ အတွေ့အကြုံတွေရှိကြတဲ့အတွက် သင်တန်းကာလအတွင်းမှာ အထူးတလည် ဆွေးနွေးနိုင်ခဲ့ကြပါတယ်။ ပံ့ပိုးဆောင်ရွက်သူတွေနဲ့ သင်တန်းသားတွေဟာ စီမံချက်ဖော်ထုတ်ခြင်း၊ စီမံချက် စနစ်၊ စီမံချက် ဖွဲ့စည်းခြင်း၊ စီမံချက် စီစဉ်ခြင်း၊ စီမံချက် စွမ်းဆောင်ရည်၊ စီမံချက် စစ်ဆေးခြင်းနဲ့ စီမံချက်ကို ထိန်းချုပ်ခြင်းစတာတွေကို လက်တွေ့လုပ်ဆောင် ဆွေးနွေးခဲ့ကြပါတယ်။

သင်တန်းပြီးဆုံးချိန်မှာတော့ သင်တန်းသားတွေဟာ Logical Frame Work အကြောင်းနဲ့ စီမံချက် စီမံခန့်ခွဲမှု လုပ်ငန်းစဉ်အတွင်း အဆင့်တိုင်းရဲ့ စီမံခန့်ခွဲပုံ နည်းလမ်းတွေကို သိရှိသွားကြပါတယ်။

Participatory Monitoring & Evaluation Training

CBI training team delivered Participatory Monitoring & Evaluation training in Yangon from June 9-11, 2010. This training was first introduction of CBI to participatory approaches in Monitoring and Evaluation. The general purpose of this training was to introduce the concept of participatory M&E and how to mainstream it into current project design and M&E framework.

Total of 22 participants from different International/ Local NGOs and Red Cross Movement attended this training. Among the participants 13 were from INGOs, 6 were from LNGOs and 3 from Red Cross Movement.

Participants were very active during the training and they learnt and shared their knowledge & experiences to each other. In this training, the participants learnt more thoroughly the role of facilitation in PM&E, the differences between conventional M&E and participatory M&E, participatory indicators and participatory M&E tools adapted from PRA tools.

All participants were satisfied the training as they have learnt about participatory M&E.

Participants' voice:

"Participation is very important in M&E. Now, we understand the role of community participation, how to develop participatory indicators and how to use PM&E tools"

အတူတကွ စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်း သင်တန်း

အတူတကွ စောင့်ကြည့်ကြပ်မတ်ခြင်းနဲ့ ဆန်းစစ်အကဲဖြတ်ခြင်း သင်တန်းကို ၂၀၁၀ ဇွန်လ ၉ ရက်မှ ၁၁ ရက်နေ့အထိ စီဘီအိုင်က ရန်ကုန်မြို့မှာ ကျင်းပ ပြုလုပ်ခဲ့ပါတယ်။ ဒီသင်တန်းဟာ အတူတကွစောင့်ကြည့်ကြပ်မတ်ခြင်းနှင့် ဆန်းစစ်အကဲဖြစ်ခြင်းကို မိတ်ဆက်ပေးတဲ့ စီဘီအိုင်ရဲ့ ပထမဆုံးသင်တန်းဖြစ်ပါတယ်။

သင်တန်းရဲ့ ယေဘုယျရည်ရွယ်ချက်ကတော့ အတူတကွ စောင့်ကြည့်ကြပ်မတ်ခြင်းနဲ့ ဆန်းစစ်အကဲဖြတ်ခြင်းရဲ့ သဘောကို လက်ရှိစီမံကိန်း ဒီဇိုင်းနဲ့ M&E ဘောင်ထဲ ဘယ်လိုထည့်သွင်းရမလဲ ဆိုတဲ့အချက်ကို မိတ်ဆက်ပေးတာဖြစ်ပါတယ်။

သင်တန်းကို ပြည်တွင်းနဲ့ နိုင်ငံတကာအင်နှီကျိုအိုများ၊ ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့တွေက သင်တန်းသား ၂၂ ဦး တက်ရောက်ခဲ့ကြပါတယ်။ ၁၃ ဦးကတော့ နိုင်ငံတကာအင်နှီကျိုအိုတွေကဖြစ်ပြီး ပြည်တွင်းအင်နှီကျိုအိုက ၆ ဦးနဲ့ ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့တွေက ၃ ဦး ပါဝင်ကြပါတယ်။

သင်တန်းသားတွေဟာ အလွန်တက်ကြွကြပြီး တစ်ဦးနဲ့ တစ်ဦး အတွေ့အကြုံ၊ ဗဟုသုတတွေ ဖလှယ်ခဲ့ကြပါတယ်။ သင်တန်းမှာ PM&E သင်တန်း ပံ့ပိုးဆောင်ရွက်မှု (Facilitation) ကိုလဲ စေ့စေ့စပ်စပ်လေ့လာခွင့်ရခဲ့ကြပြီး သမားရိုးကျ M&E နဲ့ အတူတကွ M&E အကြား ကွဲပြားမှုတွေ၊ ပူးပေါင်းပါဝင်မှု ဆိုင်ရာညွှန်ကိန်းတွေ၊ လူထုပူးပေါင်းပါဝင်တဲ့ အလျှင်အမြန်ဆန်းစစ်ခြင်းနည်းလမ်းတွေကနေ မှီငြိမ်းထားတဲ့ လေ့လာဆန်းစစ်ခြင်းနည်းလမ်းတွေ အကြောင်းကိုလည်း သင်ယူခဲ့ကြရပါတယ်။

သင်တန်းသားအားလုံးဟာ အတူတကွဆောင်ရွက်ရတဲ့ M&E အကြောင်းကို ပိုမိုနားလည်သွားပြီး သင်တန်းအပေါ် ကျေနပ်အားရရှိခဲ့ကြပါတယ်။

သင်တန်းသားတို့ ရင်ဖွင့်သံ

"M&E မှာ အတူတကွပါဝင်ဆောင်ရွက်ဖို့ဆိုတာ အလွန်အရေးပါပါတယ်။ အခုတော့ လူထုပါဝင်ဆောင်ရွက်ခြင်းရဲ့ အခန်းကဏ္ဍကို နားလည်သွားပြီး အတူတကွပါဝင်မှု ညွှန်ကိန်းတွေ ဖော်ထုတ်နည်းနဲ့ PM&E ကိရိယာတွေ အသုံးပြုနည်းကိုလဲ သိရှိလာတယ်"

Office Management Training for KBC

Office Management Training for the staffs of Karen Baptist Convention (KBC) was conducted by CBI training team at Karen Baptist Theological School. The training was from 7 to 9 April, 2010 and a total of 31 participants from different Ministries of KBC attended. The purpose of the training was to enhance knowledge and skills of KBC staffs in office management in order to support the work of KBC more effectively.

The course involved office organization, office environment, office communication, office procedures and documents filing and record keeping and meeting management. Since office management is more about practices rather than theories, CBI training team facilitated them through experiential learning. Participants learnt that the role of office is essential in every organization and office management systems have to be established well.

ကရင်နှစ်ချင်း ဓရစ်ယာန် အဖွဲ့ချုပ်အတွက် ရုံးစီမံခန့်ခွဲမှုသင်တန်း

ကရင်နှစ်ချင်းခရစ်ယာန်အဖွဲ့ချုပ် (KBC)ဝန်ထမ်းတွေအတွက် စီဘီအိုင်က ရုံးစီမံခန့်ခွဲမှုသင်တန်းကို ကရင်နှစ်ခြင်း ခရစ်ယာန်ကျမ်းစာသင်ကျောင်းမှာ ပြုလုပ်ပေးခဲ့ပါတယ်။ သင်တန်းကို ၂၀၁၀ခုနှစ် ဧပြီလ ၇ ရက်မှ ၉ ရက်နေ့ အထိ ပြုလုပ်ခဲ့ပြီး KBC အဖွဲ့ခွဲတွေက သင်တန်းသား ၃၁ ဦး တက်ရောက်ခဲ့ကြပါတယ်။ သင်တန်း၏ရည်ရွယ်ချက်ကတော့ ကရင်နှစ်ချင်းခရစ်ယာန်အဖွဲ့ချုပ်ရဲ့လုပ်ငန်းတွေ ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်ဖို့အတွက် ဝန်ထမ်းတွေရဲ့ ရုံးစီမံခန့်ခွဲမှုဆိုင်ရာ အသိအမြင်နဲ့ စွမ်းရည်တွေကို မြှင့်တင်ပေးဖို့ ဖြစ်ပါတယ်။

သင်တန်းမှာ ရုံးတွင်းဖွဲ့စည်းခြင်း၊ ရုံးတွင်း ဝန်းကျင်၊ ရုံးတွင်း ဆက်သွယ်ရေး၊ ရုံးတွင်း စည်းမျဉ်းများ၊ မှတ်တမ်းများ ဖိုင်တွဲခြင်း၊ မှတ်သားသိမ်းဆည်းခြင်းနဲ့ အစည်းအဝေးစီမံခန့်ခွဲခြင်းတို့ကို သင်ပြခဲ့ပါတယ်။ ရုံးစီမံခန့်ခွဲမှုဟာ သဘောတရားပိုင်းထက် လက်တွေ့ပိုင်းပိုများတဲ့အတွက်ကြောင့် စီဘီအိုင် သင်တန်းဆရာတွေ အနေနဲ့ အတွေ့အကြုံကိုအခြေခံပြီး သင်ယူနိုင်ဖို့ ပံ့ပိုးကူညီခဲ့ပါတယ်။ သင်တန်းသားတွေအနေနဲ့လဲ အဖွဲ့အစည်းတိုင်းအတွက် ရုံးရဲ့အခန်းကဏ္ဍမှာ အရေးပါကြောင်းနဲ့ ရုံးတွင်းစီမံခန့်ခွဲမှုစနစ်တွေကို ကောင်းစွာဖော်ဆောင်ထားဖို့ လိုအပ်ကြောင်းကို သင်ယူနားလည်သွားခဲ့ကြပါတယ်။

Community Facilitation Skills Training for Ratana Metta Organization

A 3-day Community Facilitation Skills Training for Ratana Metta project staffs was conducted by CBI from 19 to 21 May, 2010 in Yangon. The purpose of the training was for the participants to get the knowledge of facilitation and practice facilitation skills, methods and develop participatory training design to apply for their work effectively.

Staffs from HIV project, Child project and Livelihood project, a total of 21 participants attended the training. Most of the participants have both training and facilitation experience. After the training, participants got more systematic facilitation methods and tools to apply in their work.

လူထု စည်းရုံးလှုံ့ဆော်မှု စွမ်းရည်သင်တန်း (ရတနာ့မေတ္တာ)

စီဘီအိုင်က ရတနာ့မေတ္တာရဲ့ စီမံချက်ဝန်ထမ်းတွေအတွက် လူထုစည်းရုံးလှုံ့ဆော်မှုစွမ်းရည် သင်တန်းကို ၂၀၁၀ခုနှစ် မေလ ၁၉ ရက်မှ ၂၁ ရက်နေ့အထိ ပြုလုပ်ခဲ့ပါတယ်။ သင်တန်းရဲ့ ရည်ရွယ်ချက်ကတော့ သင်တန်းသားတွေ ပံ့ပိုးဆောင်ရွက်ပေးခြင်းဆိုင်ရာ ဗဟုသုတတွေနဲ့ ပံ့ပိုးဆောင်ရွက်မှု စွမ်းရည်တွေ၊ နည်းလမ်းတွေ၊ လက်တွေ့အသုံးပြုနိုင်တဲ့ ပူးပေါင်းပါဝင်သောသင်တန်းပုံစံ ရေးဆွဲခြင်းတို့ကို သိရှိသွားစေဖို့ ဖြစ်ပါတယ်။

အိတ်ချ်အိုင်ဗီ စီမံချက်၊ ကလေးတွေနဲ့ဆိုင်တဲ့ စီမံချက်၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ စီမံချက်တွေက ဝန်ထမ်းတွေ စုစုပေါင်း ၂၁ ဦး တက်ရောက်ခဲ့ကြပြီး အများစုကတော့ သင်တန်းနဲ့ ပံ့ပိုးဆောင်ရွက်ပေးမှုဆိုင်ရာတွေမှာ အတွေ့အကြုံရှိပြီးသူတွေ ဖြစ်ကြပါတယ်။ သင်တန်းအပြီးမှာ သင်တန်းသားတွေဟာ လက်တွေ့ လုပ်ငန်းတွေမှာ အသုံးချနိုင်တဲ့ စနစ်ကျတဲ့ ပံ့ပိုးဆောင်ရွက်မှုဆိုင်ရာ နည်းစနစ်တွေနဲ့ အထောက်အကူပစ္စည်းတွေအကြောင်းကို သိရှိသွားကြပါတယ်။

Report Writing Training at KBC

CBI conducted the Report Writing Training at KBC from June 21-23, 2010. The aim of the training was for the participants to improve their report writing skills and knowledge in order for them to write their community development work reports effectively. 34 participants from different projects of KBC attended the training.

During first day, participants learned basic concepts and structure of a report. On Second day, they exercised the mind map and they learned how to collect and analyze data, and wrote the draft report using their own data related to their project as group work. They presented their mind map and draft reports. The reports were edited by other groups edited. On the last day, they prepared the final report and shared to other groups and received feedback. At the end of the training, participants came to realize how to prepare and write an effective report as they had practiced and prepared the report by themselves.

They evaluated that the training was very effective and useful for them and they would like to make more practice their writing to be more skillful. They also mentioned that writing an effective report and getting feedback from readers was very important.

KBC အတွက်ပြုလုပ်သော အစီရင်ခံစာရေးသားနည်း သင်တန်း

စီဘီအိုင်အနေနဲ့ KBC အဖွဲ့အတွက် အစီရင်ခံစာရေးသားနည်းသင်တန်းကို ၂၀၁၀ ဇွန်လ ၂၁ ရက်မှ ၂၃ ရက်နေ့ အထိ ပြုလုပ်ပေးခဲ့ပါတယ်။ သင်တန်းရဲ့ ရည်ရွယ်ချက်ကတော့ သင်တန်းသားတွေ လူထုဖွံ့ဖြိုးရေးဆိုင်ရာ အစီရင်ခံစာတွေကို ထိရောက်ကောင်းမွန်စွာ ရေးသားနိုင်စေရေးအတွက် သူ့တို့မှာရှိတဲ့ အစီရင်ခံစာရေးသားခြင်း ဗဟုသုတနဲ့စွမ်းရည်ကို မြှင့်တင်ဖို့ ဖြစ်ပါတယ်။ သင်တန်းကို KBC စီမံချက်များက သင်တန်းသား ၃၄ ဦး တက်ရောက်ခဲ့ကြပါတယ်။

ပထမနေ့မှာ သင်တန်းသားတွေဟာ အစီရင်ခံစာတစ်စောင်ရဲ့ အခြေခံ သဘောတရားနဲ့ ဖွဲ့စည်းပုံတွေကို သင်ယူခဲ့ကြတယ်။ ဒုတိယနေ့မှာတော့ စိတ်ကူးမြေပုံ

ထုတ်ခြင်းအကြောင်းနဲ့ စီမံချက်တွေမှာ သက်ဆိုင်တဲ့အချက်အလက်တွေကို ဘယ်လိုကောက်ယူ ဆန်းစစ်ရမလဲဆိုတာကို လေ့လာပြီး အဖွဲ့လိုက် သက်ဆိုင်ရာအချက်အလက်တွေနဲ့ အစီရင်ခံစာမူကြမ်းကို ရေးသားကြပြီး အခြားအဖွဲ့တွေက ပြန်လည်ပြင်ဆင်ဖြည့်စွက်ကြပါတယ်။ နောက်ဆုံးနေ့မှာ အစီရင်ခံစာအချောကိုပြင်ဆင်ကြပြီး အခြားအဖွဲ့တွေကို မျှဝေရင်း တုန့်ပြန်ပြောကြားတာတွေကိုပါ လက်ခံခဲ့ကြပါတယ်။ သင်တန်းသားတွေဟာ ကိုယ်တိုင်အစီရင်ခံစာကို လက်တွေ့ပြင်ဆင်ရေးသားခဲ့လို့ သင်တန်းပြီးဆုံးချိန်မှာတော့ ထိရောက်ကောင်းမွန်တဲ့ အစီရင်ခံစာတစ်စောင် ဘယ်လိုပြင်ဆင် ရေးသားရမလဲ ဆိုတာကို သဘောပေါက် နားလည်သွားကြပါတယ်။

သင်တန်းသားတွေက ဒီသင်တန်းဟာ တကယ်ထိရောက်အသုံးဝင်တယ်လို့ အကဲဖြတ်ခဲ့ကြပြီး ယခုထက်ပိုပြီး ကျွမ်းကျင်စွာ လက်တွေ့ရေးသားလိုပါတယ်လို့ ပြောကြားခဲ့ကြပါတယ်။ ဒါ့အပြင် ထိရောက်ကောင်းမွန်တဲ့ အစီရင်ခံစာတစ်စောင်ရေးသားခြင်းနဲ့ အစီရင်ခံစာ ဖတ်သူဆီကနေ တုံ့ပြန်ပြောကြားတာတွေဟာ အလွန် အရေးပါတယ်လို့လဲ ပြောကြားခဲ့ကြပါတယ်။

Report Writing – UNOPS

Report Writing Training for 3D Fund implementing partners was conducted by CBI from 19 to 21 June, 2010. This training was conducted with partnership agreement between CBI and 3D Fund.

The purpose of this training was to equip the participants with knowledge, methods and skills in writing clear and concise and informative reports related to their work.

Total of 16 participants from 7 implementing partner organizations attended the training. Out of them two participants were from 3D Fund Office.

For this Report Writing training, 3D Fund requested CBI training team to train all participants to understand more thoroughly about the 3D Fund report format and guidelines. So that, the participants had to learn the general format of report writing, the planning for report writing, the writing skills for the clear and short sentences and well organized paragraphs as well as the guidelines and formats of 3D Fund reports through interactive discussions, group works and practice sessions. All participants enjoyed and satisfied the training for getting acquainted and familiar with 3D Fund report format and new knowledge of effective report writing style.

"This training is a good advantage for all of us because it suites to our need"

အစီရင်ခံစာ ရေးသားခြင်းသင်တန်း (3DF)

ရောဂါသုံးမျိုးရန်ပုံငွေအဖွဲ့(3DF)နဲ့ သူတို့ရဲ့မိတ်ဖက်အဖွဲ့တွေအတွက် စီဘီအိုင်က အစီရင်ခံစာရေးသားခြင်း သင်တန်းကို ရန်ကုန်မြို့မှာ ၂၀၁၀ ဇွန်လ ၁၉ ရက်မှ ၂၁ ရက်နေ့အထိ ပြုလုပ်ခဲ့ပါတယ်။ ဒီသင်တန်းကို စီဘီအိုင်နဲ့ ရောဂါသုံးမျိုးရန်ပုံငွေအဖွဲ့ (3DF) တို့အကြား သဘောတူပူးပေါင်းကျင်းပတာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ သင်တန်းတက်ရောက်လာသူတွေလုပ်ငန်းနဲ့ ပတ်သက်တဲ့ အစီရင်ခံစာတွေကို ရှင်းလင်းပြတ်သားစွာနဲ့ဘယ်လို ရေးသားရမယ်ဆိုတဲ့ ဗဟုသုတနဲ့ နည်းလမ်းတွေးပေးဖို့ ဖြစ်ပါတယ်။

သင်တန်းကို အဖွဲ့အစည်း ၇ ဖွဲ့က သင်တန်းသားစုစုပေါင်း ၁၆ ဦးတက်ရောက်ခဲ့ကြပြီး ၂ ဦးကတော့ 3DFကဖြစ်ပါတယ်။

ဒီသင်တန်းမှာ သင်တန်းသားအားလုံးကို 3D Fund ရဲ့ အစီရင်ခံစာပုံစံနဲ့ ညွှန်ကြားချက်တွေကိုပါ နှံ့စပ်သိရှိသွားအောင် သင်ကြားပေးဖို့ 3DFund နဲ့ စီဘီအိုင် သဘောတူခဲ့ကြပါတယ်။ ဒါ့ကြောင့် သင်တန်းသားတွေဟာ အစီရင်ခံစာ ရေးသားတဲ့ ယေဘုယျပုံစံ၊ အစီရင်ခံစာရေးသားဖို့ စီစဉ်ဆောင်ရွက်ပုံ၊ ဝါကျတွေကို တိုတိုနဲ့ရှင်းရှင်း ရေးသားနည်း၊ စာပိုဒ်တွေကို စနစ်တကျ ဖွဲ့စည်းနည်းတို့အပြင် 3D Fund အစီရင်ခံစာပုံစံနဲ့ ညွှန်ကြားချက်တွေကိုလဲ အပြန်အလှန်ဆွေးနွေးကာ အဖွဲ့လိုက် လက်တွေ့လေ့ကျင့် လေ့လာခဲ့ကြရပါတယ်။ သင်တန်းသားတွေကလဲ 3D Fund ရဲ့ အစီရင်ခံစာပုံစံနဲ့ အသစ်အသစ်သော ထိရောက်တဲ့ အစီရင်ခံစာ ရေးသား နည်းတွေကို လေ့လာခဲ့ကြရတဲ့အတွက် ကျေနပ်အားရမှု ရှိခဲ့ကြကြောင်း သိရပါတယ်။

"ဒီသင်တန်းဟာ သင်တန်းသားအားလုံးရဲ့ လိုအပ်ချက်ကို ဖြည့်ပေးတဲ့အတွက် ကျွန်တော်တို့အတွက် အခွင့်အရေးကောင်း တစ်ခုပါပဲ"

Team Building Training at Eden

CBI conducted the Team Building Training for Eden staff on 22nd and 23rd April, 2010 at Eden office in Yangon. This was a follow-up activity of OD service provided by CBI to Eden. The aim of the training was to improve communication and share the outcome of OD work among team members. 49 participants from Eden participated the training. During day one, participants learned and practiced trust building, team development, team motivation and communication, team leadership. On day two, they discovered organization as living system, practiced building and maintaining a team, solved the team problems, and learned team partnership. At the end of the training, participants realized how to contribute for their organization to achieve its plan.

ဧဒင်၌ ပြုလုပ်ခဲ့တဲ့ သင်းဖွဲ့စုစည်းခြင်းသင်တန်း

စီဘီအိုင်အနေနဲ့ ဧဒင်ဝန်ထမ်းတွေအတွက် သင်းဖွဲ့စုစည်းခြင်းသင်တန်းကို ၂၀၁၀ ဧပြီလ ၂၂ ရက်မှ ၂၃ ရက်နေ့အထိ ရန်ကုန်မြို့ အင်းစိန်မြို့နယ်မှာရှိတဲ့ ဧဒင်ရုံးခန်းမှာ ပြုလုပ်ပေးခဲ့ပါတယ်။ ဒီသင်တန်းဟာ ဧဒင်အတွက် စီဘီအိုင်က ပြုလုပ်ပေးခဲ့တဲ့ အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေး (OD) ဝန်ဆောင်မှုရဲ့ နောက်ဆက်တွဲ ဆောင်ရွက်မှုတစ်ခုလဲ ဖြစ်ပါတယ်။ သင်တန်းရည်ရွယ်ချက်ကတော့ အဖွဲ့သားအချင်းချင်း OD လုပ်ဆောင်မှုရလဒ်တွေ မျှဝေဖို့နဲ့ ဆက်သွယ်ဆောင်ရွက်မှုကို မြှင့်တင်ဖို့ ဖြစ်ပါတယ်။ သင်တန်းမှာ ဧဒင်က ဝန်ထမ်း ၄၉ ဦး တက်ရောက်ခဲ့ပါတယ်။ ပထမရက်မှာတော့ သင်တန်းသားတွေဟာ ယုံကြည်မှုတည်ဆောက်ခြင်း၊ သင်းဖွဲ့စုစည်းခြင်း၊ အသင်းအဖွဲ့စိတ်ဓါတ်မြှင့်တင်ခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်းနဲ့အသင်းအဖွဲ့ကို ခေါင်းဆောင်မှုပေးခြင်းစတာတွေကို လေ့လာပြီး လက်တွေ့ကျင့်သုံးနိုင်ခဲ့ကြပါတယ်။ ဒုတိယနေ့မှာ သူတို့ဟာ အဖွဲ့အစည်းဆိုတာကို ရှင်သန်နေတဲ့စနစ်တစ်ခုအဖြစ် တွေ့မြင်သိရှိခဲ့ကြပြီး အသင်းအဖွဲ့တစ်ခုကို ဖွဲ့စည်းခြင်း၊ တည်တံ့အောင် ထိန်းသိမ်းခြင်း၊ အဖွဲ့တွင်း ပြဿနာများ ဖြေရှင်းခြင်းတို့ကို လက်တွေ့ အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်ကာ လေ့လာခဲ့ကြပါတယ်။ သင်တန်းပြီးချိန်မှာတော့ သင်တန်းသားတွေအနေနဲ့ မိမိတို့အဖွဲ့အစည်းရဲ့ အစီအစဉ်တွေ အောင်မြင်စေဖို့ ဘယ်လိုပါဝင်ဆောင်ရွက်ရမလဲ ဆိုတာကို သိမြင်လက်ခံခဲ့ကြပါတယ်။

Update NGO Contact Information

Good Neighbors International-Myanmar (GNI)

No. 17 A, Seik Yeik Nyein 6th Street, Kamayut Township, Yangon
Tel : 513 763, 09 86 27034
Fax : 513 463
Email : gnmyanmar@gmail.com

Thingaha Gender Working Group (TGWG)

No. 53, 3rd Floor (Left), Aung Hla Yeik Thar Street, Ward 1, Kamayut Township, Yangon
Tel : 09 501 7496
Email : new.thingaha@gmail.com

Rakhine Coastal Region Conservation Association (RCA)

No. 224, Bayint Naung Road, 5th Quarter, Mayangone Township, Yangon

Arche noVa (AN)

Room 1106, 11th Floor, Block A, Shwe Gone Thu Condo, Lower KyeeMyintDaing Road, KyeeMyintDaing Township, Yangon
Tel : 519 386 (Direct), 538 788 (Ext: 1108)

Association Francois-Xavier Bagnoud (AFXB)

No. 8-1, Kha Baung Lane (Martin Avenue), Hlaing Township, Yangon
Tel : 536 559, 504 610

Ratana Metta Organization (RMO)

No. 406, Lower Pazaungdaung Road, Pazaungdaung Township, Yangon
Tel : 730 247 93, 730 247 94
Email : ratanametta2004@gmail.com

Karen Women Action Group (KWAG)

No. 410, 3rd Street, Mahar ThuKhiTar Lane, East GyoGone, Insein Township, Yangon
Tel : 730 21025, 09 85 75225, 09 85 75175 (HP)

Loka Ahlinn (LA)

Room 1206, 12th Floor, Olympic Tower, Corner of Maharbandoola Road and Bo Aung Kyaw Road, Kyauktada Township, Yangon
Tel : 730 34870, 09 512 6967, 09 516 8278
Email : info@lokaahlinn.com

Swanyee Development Foundation (SDF)

Tel : 541 854, 09 85 15134, 730 40433

Saetanar

Tel : 656094, 656094, 651186 (Direct)
650774, 650775 (Ext: 205)

DEAR Myanmar

No. 363, 1st Floor (Right), Bo Aung Kyaw Road (Upper Block), Kyauktada Township, Yangon
Tel : 392642

Limited for Internal Circulation Only